ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်(တောင်ပိုင်း)
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**
**National Community Driven Development Project**
**(NCDDP)**



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ဝိန်းလုံကျေးရွာ၊ တဘက်ကျေးရွာအုပ်စု

၂၀၁၇ခုနှစ်၊မေလ

# မာတိကာ


၁။ ဆီဆိုင်မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။ဆီဆိုင်မြို့နယ်မြေပုံ


ဆီဆိုင်မြို့နယ်အခြေပြမြေပုံ
ဟိုပုံးမြို့နယ်
မြ
ဆီဆိုင်မြို့နယ်
စကေး ၁ လက်မ း ၆မိုင်
တောင်ကြီးမြို့နယ်
ညောင်ရွှေမြို့နယ်
ဖယ်ခုံမြို့နယ်
လွိုင်ကော်ခရိုင်
ဆီဆိုင်
ရည်ညွှန်းချက်
မြို့နယ်ခြား
ရပ်ကွက်ကျေးရွာအုပ်စုခြား
ကားလမ်း
ရထားလမ်း
ကျေးရွာချင်းဆက်လမ်း
မြစ်ချောင်း/ဆည်/
အမည်ပြောင်း
ရွာ တိုး

## ၂။ကျေးရွာတည်နေရာပါဝင်သောကျေးရွာအုပ်စု၏မြေပုံ




## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | တည်နေရာပြကုဒ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | MMR1304002001 | တဘက် | မဲဟဲ |
| ၂ | MMR1304002002 | တဘက် | မကောက် |
| ၃ | MMR1304002003 | တဘက် | ဝမ့်ပန် |
| ၄ | MMR1304002004 | တဘက် | လုံစံ(ခ)နောင်ပိ |

| | | | |
|---|---|---|---|
| ၅ | MMR1304002005 | တဘက် | မဲပေါ့ |
| ၆ | MMR1304002006 | တဘက် | ဂိန်းလုံ |
| ၇ | MMR1304002007 | တဘက် | ဟိုခဲ(ကယန်း) |
| ၈ | MMR1304002008 | တဘက် | နမ့်စေမြ |
| ၉ | MMR1304002009 | တဘက် | ဂိန်းကွန် |
| ၁၀ | MMR1304002010 | တဘက် | နောင်စကာ |
| ၁၁ | MMR1304002011 | တဘက် | ပန်ကန်း |
| ၁၂ | MMR1304002012 | တဘက် | ဘန်းနောင် |
| ၁၃ | MMR1304002013 | တဘက် | လွယ်စဲ့ |
| ၁၄ | MMR1304002014 | တဘက် | ကောင်ထို |
| ၁၅ | MMR1304002015 | တဘက် | ဂမ့်ဟော့ |
| ၁၆ | MMR1304002016 | တဘက် | ဟိုပန် |
| ၁၇ | MMR1304002017 | တဘက် | နောင်ပါရင် |
| ၁၈ | MMR1304002018 | တဘက် | ဆန့်ဆိုင် |
| ၁၉ | MMR1304002019 | တဘက် | နောင်သိမ် |
| ၂၀ | MMR1304002020 | တဘက် | ဂိန်းကောင် |
| ၂၁ | MMR1304002021 | တဘက် | နောင်ခမ်း |
| ၂၂ | MMR1304002022 | တဘက် | နောင်ချို |
| ၂၃ | MMR1304002023 | တဘက် | နောင်ခုံး |
| ၂၄ | MMR1304002024 | တဘက် | နောင်ဘို |
| ၂၅ | MMR1304002025 | တဘက် | ကွန်နွတ် |

## ၄။ကျေးရွာအခြေခံအချက်အလက်

တဘက်ကျေးရွာအုပ်စု၊ ဝိန်းလုံကျေးရွာသည် ဆီဆိုင်မြို့မှ အနောက်တောင်ဘက် (၈)မိုင်ကျော် အကွာအဝေးတွင် တည်ရှိပြီး အရှေ့ဘက်တွင် နောင်ကျော ကျေးရွာအုပ်စု၊ အနောက်ဘက်တွင် လွယ်စဲ့ကျေးရွာ၊မြောက်ဘက်တွင် ဝမ့်ပန်ကျေးရွာနှင့် တောင်ဘက်တွင် နောင်စကာကျေးရွာတို့ တည်ရှိပါသည်။မြောက်လတ္တီကျု (၂၀.၀၇၆၄၈၆) ဒီဂရီနှင့် အရှေ့လောင်ဂျီကျု (၉၇.၂၀၅၆၀၁) ဒီဂရီတွင် တည်ရှိပါသည်။

ဝိန်းလုံကျေးရွာသည် လွန်ခဲ့သော (၁၉၃၆) ခုနှစ်တွင် စတင်တည်ထောင်ပြီး စတင်တည်ထောင်ချိန်တွင် အိမ်ခြေ(၅) အိမ်မျှသာ ရှိ၍ လူဦးရေ ကျား (၉)ဦး နှင့် မ(၁၁)ဦး ရှိခဲ့ပါသည်။ လက်ရှိအချိန်တွင် အိမ်ထောင်စု (၇၅)စု ရှိပြီး လူဦးရေမှာ အမျိုးသား (၂၀၄)ဦး နှင့် အမျိုးသမီး (၂၀၈) ဦး စုစုပေါင်း (၄၁၂)ဦး ရှိလာခဲ့ပါသည်။ ကျေးရွာတွင်းနေထိုင်သူများသည် ရှမ်းလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုကိုးကွယ် ယုံကြည်ကြပါသည်။

ဝိန်းလုံကျေးရွာမှ ဆီဆိုင်မြို့သို့ သွားရောက်သောလမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး ဆိုင်ကယ်ဖြင့် သွားရောက်လျှင် မိနစ် (၃၀)ခန့် ကြာမြင့်ပါသည်။ ကုန်စည်ပို့ဆောင်မှုအတွက် အများအားဖြင့် ထော်လာဂျီ၊ နစ်လုံး/လေးလုံးထိုး စက်ကြီး၊ ကား စသည်တို့ အသုံးပြုကြပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့် ပြောင်း၊ စပါး၊ ပဲဇင်းငုံ တို့ကို အဓိက စိုက်ပျိုးကြပြီး နှမ်း၊ မြေပဲ၊ နေကြာ စသည်တို့လည်း အနည်းငယ်စိုက်ပျိုး လုပ်ကိုင်ကြသည်။


၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုအရင်းမြစ်ပြမြေပုံ | ၂၆.၄.၂၀၁၇ | စေတနာ့ဝန်ထမ်း၊ အမျိုးသား၊ အမျိုးသမီး | ၆၁ | ၅၈ | ၁၁၉ | အခြေခံအဆောက်အဦး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးအလုပ်အကိုင် အခြေအနေများ၊ သဘာဝအရင်းအမြစ်အခြေအနေများ၊ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၆.၄.၂၀၁၇ | ချမ်းသာအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးသောအုပ်စု | ၆၁ | ၅၈ | ၁၁၉ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ်အခြေခံပြီး အဆင့်(၃)ဆင့်တွင်ပါဝင်သော အိမ်ထောင်စုအရေအတွက် ခန့်မှန်းခြင်း၊ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား ဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၆.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၆၁ | ၅၈ | ၁၁၉ | - အမျိုးသားများနှင့် အမျိုးသမီးများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် အရင်းအမြစ်များကို သုံးသပ်ခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန်ဇယား | ၂၆.၄.၂၀၁၇ | စေတနာ့ဝန်ထမ်း၊ အမျိုးသားနှင့် အမျိုးသမီး | ၆၁ | ၅၈ | ၁၁၉ | - ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှုများ၊ ပွဲတော်များ၊ ဝင်ငွေရရှိမှုများ ဆွေးနွေးခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၆.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၆၁ | ၅၈ | ၁၁၉ | အမျိုးသားနှင့် အမျိုးသမီး များ၏ တန်းတူအခွင့်အရေးရရှိမှုနှင့် သာတူညီမျှမှုများအား ဆွေးနွေးသုံးသပ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ဗင်းပုံစံ (အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ခြင်း) | ၂၆.၄.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့ | ၆၁ | ၅၈ | ၁၁၉ | ကျေးရွာရှိ အဖွဲ့အစည်းများနှင့် အခြားပြင်ပရှိ အဖွဲ့အစည်းများ မည်သည့် လုပ်ငန်း မည်သို့ ချိတ်ဆက်လုပ်ကိုင် သင့်မှုကို ဆွေးနွေးခြင်း။ |
| ၇ | အခက်အခဲများ (ပြဿနာများ) | ၂၇.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၄၆ | ၅၃ | ၉၉ | အမျိုးသားများနှင့် အမျိုးသမီးများ နေ့စဉ် လူမှုဘဝတွင် ကြုံတွေ့နေရသော အခက်အခဲ/အတားအဆီးများအား ဆွေးနွေးဖော်ထုတ်ခြင်း။ |
| ၈ | နောင်(၅)နှစ်စာ မျှော်မှန်းချက်များ | ၂၇.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၄၆ | ၅၃ | ၉၉ | နောင်တချိန်တွင်ကျေးရွာလူထု၏ ဖြစ်စေချင်သော မြင်စေချင်သော ကျေးရွာဖွံ့ဖြိုးမှုများအား ဖော်ထုတ်ခြင်း။ |
| ၉ | ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်အဆိုပြုခြင်း | ၂၇.၄.၂၀၁၇ | အမျိုးသား၊ အမျိုးသမီး | ၄၆ | ၅၃ | ၉၉ | အဓိကပြဿနာကို ပြေလည်စေသောအကြောင်းရင်းများ၊ ပြေလည်စေသော လုပ်ငန်းများအား ကျား/မခွဲ၍ ဆွေးနွေးဖော်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း | ၂၇.၄.၂၀၁၇ | အမျိုးသား၊ အမျိုးသမီး | ၄၆ | ၅၃ | ၉၉ | အဆိုပြုထားသော ဖွံ့ဖြိုးရေးလုပ်ငန်း များကို တစ်စုတစ်စည်းတည်းစုခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများ မဲပေးရွေးချယ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်

ပိန်းလုံကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့်ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာတွင် စာသင်ကျောင်း၊ သစ်တော၊ ဝါးတော၊ ရေချောင်း စသော အရင်းအမြစ်များ ရှိပါသည်။
- ရွာတွင်းလမ်း ကြမ်းတမ်းပြီး မိုးရာသီတွင် သွားလာရေး ခက်ခဲပါသည်။
- အဓိကအားဖြင့် စိုက်ပျိုးရေးဖြစ်သော လယ်စပါး၊ ပြောင်း စသည်တို့ကိုစိုက်ပျိုးကာ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။
- သန့်ရှင်းသော သောက်သုံးရေခက်ခဲသောကြောင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရန် လိုအပ်ပါသည်။
- ရွာတွင်း ကျောက်ချောလမ်းခင်းရန် လိုအပ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်**



ဝိန်းလုံကျေးရွာ၏ဥစ္စာဓနကြွယ်ဝမှုသုံးသပ်ချက်

| အမျိုးအစား | စံသတ်မှတ်ချက်ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ်ဧက(၁၀)၊ ခြံဧက(၅)ဧက၊ လယ်ထွန်စက် | ၁၅ | ၂၀% |
| အလယ်အလတ် | တိုက်အိမ်၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ လယ်(၃)ဧက၊ ခြံဧက(၃)ဧက၊ | ၃၀ | ၄၀% |
| နွမ်းပါး | ထရံကာ(သွပ်မိုး)အိမ်၊ ဆိုင်ကယ်၊ ဝက်မွေး၊ ပေါက်ပြား၊ တံကောက်၊ | ၃၀ | ၄၀% |
| စုစုပေါင်း | | | |


**ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်**


ဝိန်းလုံကျေးရွာ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စုမှာ တိုက်အိမ်၊ ဆိုင်ကယ်၊ထော်လာဂျီ၊ ကား၊ လယ်ထွန်စက်၊ လယ် (၅)ကေအထက်နှင့် ခြံယာ (၁၀) ကေပိုင်ဆိုင်ပြီး တစ်နှစ်ဝင်ငွေ (၅၀)သိန်း ဖြစ်သည်။
- ကျေးရွာတွင် အလယ်အလတ်အိမ်ထောင်စုမှာ တိုက်အိမ်၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ လယ် (၃)ကေအထက်နှင့် ခြံယာ (၃) ကေအထက် ပိုင်ဆိုင်ပြီး တစ်နှစ်ဝင်ငွေ သိန်း(၃၀) ဖြစ်သည်။
- ကျေးရွာတွင် နွမ်းပါးအိမ်ထောင်စုမှာ ထရံကာ(သွပ်မိုး)အိမ် ဖြစ်ပြီး ဆိုင်ကယ်၊ ပေါက်ပြား၊ တံကောက်တို့ ပိုင်ဆိုင်ပြီး တစ်နှစ်ဝင်ငွေမှာ (၅)သိန်းမှ (၁၀)သိန်း အကြားဖြစ်သည်။
- ကျေးရွာတွင် နွမ်းပါးသူအိမ်ထောင်စု (၃၀) ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၄၀) % ရှိပါသည်။
- စိုက်ပျိုးမြေ လုံလောက်မှုမရှိခြင်းနှင့် စိုက်ပျိုးနိုင်ရန်အရင်းအနှီး နည်းပါးခြင်းစသည်တို့ကြောင့် နွမ်းပါးရခြင်းဖြစ်သည်။
- စီမံကိန်းဆောင်ရွက်ပါက လုပ်အားခတန်းတူပေးခြင်းနှင့် ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် နွမ်းပါးသူများ ပါဝင်လာအောင် ဆွဲခေါ်စည်းရုံးရမည်။
- အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် နွမ်းပါးသူများ ဝင်ငွေပိုမိုရရှိလာမည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား)**





**ပိုင်ဆိုင်မှုသုံးသပ်ခြင်း ဆန်းစစ်ချက်**

ဝိန်းလုံကျေးရွာ ပိုင်ဆိုင်မှုသုံးသပ်ခြင်းကို ကျေးရွာလူထုနှင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ

- ကျေးရွာတွင် အရင်းအမြစ်များ သုံးစွဲရန်အတွက် အမျိုးသားနှင့်အမျိုးသမီးများက အတူတကွဆုံးဖြတ်ချက်ချပါသည်။
- ကျေးရွာတွင် ရေတွင်းသည် အမျိုးသမီးများက သီးသန့်အများဆုံး အသုံးပြုသော အရင်းအမြစ်ဖြစ်သည်။
- ကျေးရွာတွင် ဝါးတော/ဝါးပင်များသည် အမျိုးသားများက သီးသန့်အသုံးပြုသော အရင်းအမြစ် ဖြစ်သည်။
- ကျေးရွာတွင် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စေတီ၊ ခြံ/ယာ၊ လယ်ကွင်း၊ ရေချောင်း၊ တံတားနှင့် လမ်းစသော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီးများက အတူတကွ သုံးစွဲခဲ့ကြသည်။
- ကျေးရွာတွင် ဝါးတော/ဝါးပင်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စေတီ၊ ခြံ/ယာ၊ လယ်ကွင်း၊ ရေချောင်း၊ တံတားနှင့် လမ်း စသည့်အရင်းအမြစ်များကိုအမျိုးသားများက ထိန်းချုပ်ထားပါသည်။
- ခြံ/ယာ တစ်ခုတည်းသာ အမျိုးသားနှင့်အမျိုးသမီးများက အတူတကွ ထိန်းချုပ်ကြပါသည်။
- အမျိုးသမီး သီးသန့်ထိန်းချုပ်သော အရင်းအမြစ်များ မတွေ့ရှိပေ။
- အကယ်၍ အမျိုးသမီးများအသုံးပြုသော အရင်းအမြစ်များကို အမျိုးသားများက ထိန်းချုပ်ပါက ကယက်ရိုက်မှုများ မရှိနိုင်ပါ။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ရာသီခွင်ပြပြက္ခဒိန်ဇယား




### ရာသီခွင်ပြပြက္ခဒိန်ဇယားဆန်းစစ်ချက်


ဝိန်းလုံကျေးရွာ ရာသီခွင်ပြပြက္ခဒိန်ဇယားကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာတွင် လယ်စပါးကို အဓိကစိုက်ပျိုးလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုသည်။
- စိုက်ပျိုးရေးသာ ဝင်ငွေရှိပြီး နတ်တော်နှင့် ပြာသိုလမှသာ ဝင်ငွေရှိသည်။
- ရာသီဥတုကောင်းမွန်မှသာ သီးနှံအထွက်တိုးပြီး သီးနှံဈေးနှုန်းထပ်ပြီးကျဆင်းပါက ဝမ်းစာမဖူလုံနိုင်ပါ။
- လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက ကုန်ပစ္စည်းနှင့် စိုက်ပျိုးရေးထွက် သီးနှံများကို လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ပြီး သယ်ယူစရိတ်များသက်သာလာမည်။
- စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားအလုပ်အကိုင်အခွင့်အလမ်းများ ရှိပါက ဝင်ငွေပိုများရရှိနိုင်မည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**ပင့်ကူအိမ်သုံးသပ်ခြင်း**





**ပင့်ကူအိမ်သုံးသပ်ခြင်းဆန်းစစ်ခြင်း**


ဝိန်းလုံကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်းကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- အိမ်တွင်းမှုလုပ်ငန်းများတွင် အမျိုးသမီးများက အမျိုးသားများထက် လုပ်ဆောင်မှုများ ပို၍ဆောင်ရွက်ရသည်။
- ဦးဆောင်နိုင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုပြီးဆောင်ရွက်ရသည်။
- လူမှုရေးကိစ္စများနှင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် အမျိုးသမီးများက အားသာနေသည်ကို တွေ့ရသည်။
- အမျိုးသမီးများက ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိခြင်းကြောင့် ဦးဆောင်နိုင်မှုနှင့် ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်နိုင်မှုတို့တွင် အားနည်းနေရခြင်း ဖြစ်သည်။
- အမျိုးသမီး စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပေသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**ဗင်းပုံစံ**





**ဗင်းပုံစံ သုံးသပ်ခြင်း**

ဝိန်းလုံကျေးရွာ ဗင်းပုံစံ သုံးသပ်ခြင်းကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာခေါင်းဆောင်က ရပ်ရွာကိစ္စအရပ်ရပ်အဝဝတွင် ဦးဆောင်ပေးသောအဖွဲ့ဖြစ်သည်။
- ပြင်ပအဖွဲ့အစည်းများမှ ကျေးရွာလူထုကို ချိတ်ဆက်လိုပါက ကျေးရွာခေါင်းဆောင်များမှ တဆင့် ချိတ်ဆက်ရသည်။
- ကျေးရွာသမာဓိအဖွဲ့သည် ကျေးရွာတွင် သြဇာအရှိဆုံးဖြစ်ပြီး ကျေးရွာအမှုကိစ္စများ ဆုံးဖြတ်ရာတွင် ပြီးဆုံးသောအဖွဲ့ဖြစ်သည်။
- အခြားပြင်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းနေသည်ကို တွေ့ရသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**အမျိုးသားများမှတင်ပြသောအခက်အခဲများ**

အမျိုးသားများကို သီးသန့်အုပ်စုဖွဲ့၍ဆွေးနွေးစေခဲ့သည်။ အမျိုးသားများမှတင်ပြသော အခက်အခဲများမှာ အောက်ပါအတိုင်းဖော်ထုတ်ဆွေးနွေးခဲ့ကြသည်။

(၁) နွေရာသီတွင် အဝေးသို့ရေသွားခပ်ရခြင်း

(၂) ရွာချင်းဆက်လမ်း ခက်ခဲခြင်း

(၃) လျှပ်စစ်မီးမရှိခြင်း

(၄) ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိခြင်း

(၅) ကလေးများအတွက် မူကြိုကျောင်းမရှိခြင်း

(၆) စာသင်ကျောင်းပြုပြင်ရန် ငွေကြေးအခက်အခဲ

(၇) စာသင်ကျောင်းအိမ်သာ မကောင်းခြင်း

(၈) သာရေးနာရေး/ အစည်းဝေးပြုလုပ်ရန် နေရာခက်ခဲခြင်း

(၉) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်မြောင်းပြုပြင်ရန်ငွေကြေးအခက်ခဲ

**အမျိုးသမီးများမှတင်ပြသောအခက်အခဲများ**

အမျိုးသမီးများကို သီးသန့်အုပ်စုခွဲ၍ဆွေးနွေးစေခဲ့ကြပါသည်။ အမျိုးသမီးများမှာလည်း သူတို့၏ အခက်အခဲများကို အောက်ပါအတိုင်း ဖော်ထုတ်ဆွေးနွေးခဲ့ကြသည်။

(၁) နွေရာသီတွင် ရေခန်းခြင်းကြောင့် အဝေးသို့ရေသွားခက်ရခြင်း

(၂) လျှပ်စစ်မီး မရှိခြင်း

(၃) ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိခြင်း

(၄) ကလေးများအတွက် မူကြိုကျောင်းမရှိခြင်း

(၅) အစည်းအဝေးလုပ်ရန် နေရာခက်ခဲခြင်း

(၆) စာသင်ကျောင်း ခြံစည်းရိုး မကောင်းခြင်း

(၇) စိုက်ပျိုးရေးအတွက် ငွေကြေးအခက်ခဲ

(၈) စာသင်ကျောင်းအိမ်သာ မကောင်းခြင်း

(၉) မိုးတွင်းသွားလာရန် လမ်းပန်းခက်ခဲခြင်း

(၁၀) ဘုန်းကြီးကျောင်းရှိ အများသုံးအိမ်သာ မကောင်းခြင်း

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**အမျိုးသားများမှတင်ပြသောမျှော်မှန်းချက်များ**

နောင်တချိန်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားများ၏ ဖြစ်စေချင်သော မြင်စေချင်သော မျှော်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ကြပါသည်။

(၁) အိမ်တိုင်းရာရောက် ရေရရှိနိုင်ရမည်။

(၂) ရွာချင်းဆက်နှင့်ရွာတွင်းလမ်း ကျောက်ချောလမ်းဖြစ်ရမည်။

(၃) ၂၄ နာရီမီး ရရှိရမည်။

(၄) မူကြိုကျောင်းဆောင် ရှိရမည်။

(၅) ကောင်းမွန်သော စာသင်ကျောင်းအဆောက်အဦးဖြစ်ရမည်။

(၆) စာသင်ကျောင်းတွင် ယင်လုံအိမ်သာ ရှိရမည်။

**အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက်များ**

နောင်တချိန်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသမီးများ၏ ဖြစ်စေချင်သော မြင်စေချင်သော မျှော်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ကြပါသည်။

(၁) အိမ်တိုင်ရာရောက် ရေပိုက်သွယ်စနစ် ရရှိမည်။

(၂) ၂၄ နာရီမီးလင်းမည်။

(၃) အရံသားဖွား ဆရာမရှိပြီး ကျန်းမာရေးအတွက်အဆင်ပြေမည်။

(၄) ရွာအတွင်း မူကြိုကျောင်းရှိမည်။

(၅) ကျေးရွာခန်းမဆောင်ရှိပြီး အစည်းအဝေးပြုလုပ်ရာတွင် အဆင်ပြေမည်။

(၆) စာသင်ကျောင်းအုတ်တံတိုင်းခတ်ပြီး ကလေးများအတွက် လုံခြုံမှုရှိမည်။

(၇) စိုက်ပျိုးရေးမျိုးစေ့နှင့် အရင်အနှီးများ လုံလောက်စွာသုံးစွဲနိုင်မည်။

(၈) စာသင်ကျောင်းအိမ်သာ လုံလောက်ပြီး ကျန်းမာရေးကောင်းမွန်မည်။

(၉) ရွာတွင်းလမ်း ကျောက်ချောလမ်းဖြစ်ရမည်။

(၁၀) ဘုန်းကြီးကျောင်းတွင် အများသုံးအိမ်သာ ဆောက်လုပ်နိုင်မည်။

(၁၁) မူလတန်းမှ အလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်မြှင့်တင်နိုင်မည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

ဝိန်းလုံကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများအုပ်စုဖွဲ့၍ လုပ်ဆောင်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိခဲ့ပါသည်။

အမျိုးသားများမှအဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ -

(၁) လယ်မြေအတွက် ဆည်မြောင်းပြုပြင်ခြင်း
(၂) ဆေးပေးခန်း တည်ဆောက်ခြင်း
(၃) ရွာတွင်း ကျောက်ချောလမ်း
(၄) အဝီစိတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း
(၅) ခန်းမဆောင် တည်ဆောက်ခြင်း
(၆) ကျောင်းသုံးအိမ်သာ အသစ်တည်ဆောက်ခြင်း
(၇) မြေသားရေလှောင်ကန် ဖို့ခြင်း
(၈) ဆိုလာမီး ရရှိခြင်း
(၉) ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်းလုပ်ငန်း စသည်တို့ဖြစ်ပါသည်။

အမျိုးသမီးများမှအဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ -

(၁) ရေလှောင်ကန်နှင့် ရေပိုက်သွယ်ခြင်း
(၂) အရံသားဖွား သင်တန်းပေးခြင်း
(၃) ၂၄ နာရီ မီးလင်းရေး
(၄) မူကြိုကျောင်း တည်ဆောက်ခြင်း
(၅) ခန်းမဆောင် တည်ဆောက်ခြင်း
(၆) စာသင်ကျောင်း အုတ်တံတိုင်းခတ်ခြင်း
(၇) ရွာတွင်း ကျောက်ချောလမ်းခင်းခြင်း
(၈) စိုက်ပျိုးရေး အရင်းအနှီးနှင့် မျိုးစေ့ထုတ်ပေးခြင်း
(၉) စာသင်ကျောင်း အိမ်သာဆောက်လုပ်ခြင်း
(၁၀) စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း
(၁၁) အများသုံးအိမ်သာ တည်ဆောက်ခြင်း စသည်တို့ဖြစ်ပါသည်။


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

ဝိန်းလုံကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကျေးရွာလူထုများအား အုပ်စုခွဲ၍ပြုလုပ်ခဲ့ရာ အမျိုးသားနှင့်အမျိုးသမီးပူးတွဲအဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အောက်ပါအတိုင်း ထွက်ပေါ်လာခဲ့ပါသည်။ ၎င်းတို့မှာ-


| | |
|---|---|
| (၁) ၂၄ နာရီမီးလင်းရေး | (က+မ) |
| (၂) စာသင်ကျောင်း အိမ်သာဆောက်လုပ်ခြင်း | (က+မ) |
| (၃) ရွာတွင်း ကျောက်ချောလမ်းခင်းခြင်း | (က+မ) |
| (၄) ခန်းမဆောင် တည်ဆောက်ခြင်း | (က+မ) |
| (၅) အဝီစိတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း | (က) |
| (၆) လယ်မြေအတွက် ဆည်မြောင်းပြုပြင်ခြင်း | (က) |
| (၇) ဆေးပေးခန်း တည်ဆောက်ခြင်း | (က) |
| (၈) မြေသားရေလှောင်ကန် ဖို့ခြင်း | (က) |
| (၉) ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | (က) |
| (၁၀) အရုံသားဖွား သင်တန်းပေးခြင်း | (မ) |
| (၁၁) မူကြိုကျောင်း တည်ဆောက်ခြင်း | (မ) |
| (၁၂) စာသင်ကျောင်း အုတ်တံတိုင်းခတ်ခြင်း | (မ) |
| (၁၃) စိုက်ပျိုးရေး အရင်းအနှီးနှင့် မျိုးစေ့ထုတ်ပေးခြင်း | (မ) |
| (၁၄) စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း | (မ) |
| (၁၅) အများသုံးအိမ်သာ တည်ဆောက်ခြင်း | (မ) |
| (၁၆) ရေပိုက်သွယ်ခြင်းနှင့် ရေလှောင်ကန် | (မ) |

စသည်တို့ ဖြစ်ပါသည်။

ဦးစားပေးအဆင့်နှင့်စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ခြင်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းစဉ်များအပြီးသတ်စာရင်း



## ၇။ ကော်မတီများရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ


စီမံကိန်း မိတ်ဆက်ခြင်း



လျှို့ဝှက်မဲပေးရွေးချယ်ခြင်း



ကော်မတီများ ရွေးချယ်ခြင်း






## ၈။ ကျေးရွာအချက်အလက် (ပုံစံ စ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ရှင်းအုန်း | 09260756621 | ခွန်သိန်းအောင် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ | ရှမ်း | မြို့နယ် | ဆီဆိုင် | ကျေးရွာအုပ်စု | တာဘာဏ် | ကျေးရွာ | ဝိန်းလဲ |

### ၁။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --- ရှမ်း --- | ၇၅ | ဘာသာ (၁) --- ဗုဒ္ဓ --- | ၇၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--- ရှမ်း --- | ၂၀၄ ၁၈၃ | ၁၈၅ ၂၀၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၃ | ၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* မရှိ | | | *မှတ်ချက်* | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| [illegible] | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ (circled)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ (circled)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ (circled)/မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---7---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----၁၅ မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၄၀ မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----မရှိ-----

(၂) --------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | [illegible] |
| | လက်မှတ် | နေ့စွဲ |
| လူထုစည်းရုံးရေးမှူး | အမည် | |
| | လက်မှတ် | နေ့စွဲ |

၉။ ကျေးရွာစီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ စ-၂)

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒုန်သိန်းအောင် | | | | | | |
| နေ့စွဲ | 27.4.2017 | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ရှမ်း | မြို့နယ် | ဆီဆိုင် | ကျေးရွာအုပ်စု | တကဲက် | ကျေးရွာ | ဝိန်ယဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26-4-2017 | 26-4-2017 | 61 | 58 | 75 | ရှမ်း \| (119) ဦး |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.4.2017 | 27.4.2017 | 46 | 53 | 75 | ရှမ်း \| (99) ဦး |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 5.5.2017 | 5-5-2017 | 53 | 56 | 109 | ရှမ်း 83 \| ပလောင် -11<br>ကချင် 8 \| လီဆူး -7 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 11.8.17 | 11.8.17 | 12 | 5 | 17 | 17 \| ရှမ်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 11.8.17 | 11.8.17 | 12 | 5 | 17 | 17 | ရှမ်း |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 16.8.17 | 16.8.17 | 35 | 25 | 60 | 42<br>8 | ရှမ်း<br>ပအိုဝ်း |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 19.9.17 | 19.9.17 | 7 | 5 | 12 | 12 | ရှမ်း |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 12.10.17 | 12.10.17 | 32 | 52 | 75 | 84 | ရှမ်း |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

6 - လိဆူ
4 - ကယန်း

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ စ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ခွန်သိန်းအောင် | | | |
| နေ့စွဲ 27.4.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရှမ်း | ဆီဆိုင် မြို့နယ် | ကျေးရွာအုပ်စု တာဘက် | ကျေးရွာ ဝိန်းလဲ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးတွင်း သွားလာရေးလမ်း ခက်ခဲ | ၁ | သန့်ရှင်းသော သောက်သုံးရေ ခက်ခဲ |
| ၂ | စာသင်ကျောင်း အိမ်သာ ခက်ခဲ | ၂ | လျှပ်စစ်မီးမရှိသော ပြဿနာ |
| ၃ | ရေအဝေးသွားခပ်ရသော ပြဿနာ | ၃ | ဆေးခန်း နှင့် ဝေးသော ပြဿနာ |
| ၄ | ကျန်းမာရေး အတွက်ဆေးခန်း ခက်ခဲ | ၄ | အစည်းအဝေးထိုင်ရန် နေရာ ခက်ခဲ |
| ၅ | အစည်းအဝေးထိုင်ရန် ခန်းမ အဆောက်အအုံ | ၅ | စာသင်ကျောင်း ဝင်းတံတိုင်း မကာနိုင် |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အိမ်တိုင်ရာရောက် ရေရရှိရန်မျှော် | ၁ | အဝီစိတွင်း တူးရန် အစ မျှော်မှန်း |
| ၂ | ရွာတွင်း ကျောက်ချောလမ်း ခင်းရန် | ၂ | ၂၄ နာရီ မီးလင်း နိုင်ရန် မျှော်မှန်း |
| ၃ | စာသင်ကျောင်း အိမ်သာ ရရှိရန် | ၃ | ရွာတွင်း ဆေးပေးနှင့် ဆရာမ ရရှိရန် |
| ၄ | ဆည်မြောင်း လယ်တာ ဆည်ဆောက်ရန် | ၄ | ကျေးရွာ ခန်းမဆောင် ရရှိရန် မျှော်မှန်း |
| ၅ | ရွာတွင်း ဆေးပေးခန်း တည်ဆောက်ရန် | ၅ | စာသင်ကျောင်း ဝင်းတံတိုင်း ကာရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အဝီစိနှင့် ရေလှောင်ကန် | ကျ + မ | 10000000 | ~~354~~ ဦး 417 ဦး |
| ၂ | ရွာတွင်း ကျောက်ချော | ကျ + မ | 12000000 | ~~354~~ ဦး 417 ဦး |
| ၃ | စာသင်ကျောင်း အိမ်သာ | ကျ + မ | 9000000 | ~~354~~ ဦး 417 ဦး |
| ၄ | ရွာတွင်း ခန်းမဆောင် | ကျ + မ | 6500000 | ~~354~~ ဦး 417 ဦး |
| ၅ | စာသင်ကျောင်း ဝင်းတံတိုင်း | မ | 11000000 | ~~354~~ ဦး 412 ဦး |

## အမျိုးသားမှ တင်ပြလာသောအခက်အခဲ

(၁). စာသင်ကျောင်း ပြုပြင်ရန် ငွေကြေးအခက်အခဲ
(၂). ကလေးများအတွက် မူကြိုကျောင်းမရှိ
(၃). လယ်ယာလုပ်ငန်းအတွက် ဆည်အခက်အခဲ

## အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်

(၁). ၂၄ နာရီ မီးလင်းရန် မျှော်မှန်း
(၂). စာသင်ကျောင်း ပြုပြင်ရန် မျှော်မှန်း
(၃). ခန်းမဆောင် ရရှိရန် မျှော်မှန်း
(၄). ဆည် တည်ဆောက် ပေးရန် မျှော်မှန်း

## အမျိုးသမီးမှ ကြုံတွေ့နေရသော အခက်အခဲ

(၁). ကလေးများအတွက် မူကြိုကျောင်းမရှိ
(၂). စိုက်ပျိုးရေးအတွက် အရင်းအနှီးမရှိသောပြဿနာ
(၃). ဘုန်းကြီးကျောင်း၌ အများသုံး အိမ်သာမရှိသောပြဿနာ
(၄). မိုးတွင်း လမ်းပန်းဆက်သွယ်ရေး မကောင်း

## အမျိုးသမီးအဖွဲ့မှ တင်ပြလာသော မျှော်မှန်းချက်

(၁). အိမ်တိုင်ရာရောက် ရေရရှိရန် မျှော်မှန်း
(၂). စိုက်ပျိုးရန် မျိုးစေ့ နှင့် မတည်ငွေ လုပ်ငန်း ရရှိရန် မျှော်မှန်း
(၃). ရွာတွင်း ကျောက်ချောလမ်း ရရှိရန် မျှော်မှန်း
(၄). မူလတန်း ပညာရေးမှ အလယ်တန်းထိ မြှင့်တင်ရန် မျှော်မှန်း

ူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ရိုက်မျိုးရွာ အရင်းအနှီး | မ | ရိုက်မျိုးရေး |
| ၂ | စက်ချုပ်သင်တန်း | မ | အသက်မွေးဝမ်းကြောင်း |
| ၃ | ၂၄ နာရီ မီးလင်းရေး | ကျ+မ | မီးလင်းရေး |
| ၄ | [illegible] သင်တန်း | မ | ကျန်းမာရေး |
| ၅ | ဘုန်းကြီးကျောင်းရှိအိမ်သာ | မ | ကျန်းမာရေး |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ရိုင်းမိုင်ခိုင်--- လက်မှတ် --------- နေ့စွဲ---27.4.2017---

၁၁။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ စ-၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ခွန်မြအေးကျော် | | | |
| နေ့စွဲ ၅.၅.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု တာကော် | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| နောင်ခမ်း | အဆောက်အအုံ ခုံးမတား အောက် ခြင်း | ၃၀'×၁၈'×၁၂' အကာ ၁၃ပ်ပြာ | ၁၈၄ | □ ကျား □ မ ☑ ကျား + မ | 5000000 | - | - | | 5000000 |
| ဝိုင်ကျွန်း | ရေလှောင်ကန်နှင့် အဝီစိတွင်း တူးခြင်း +ပိုက် +ရေစုပ်စက် | တွင်း+ဂါလံ ၅၀၀၀ ဆံ့ရေကန် + PVC ပိုက် ရေစုပ်စက် | ၃၁၉ | □ ကျား □ မ ☑ ကျား + မ | 6000000 | - | - | | 6000000 |
| ဝိုင်းလုံ | အဝီစိတွင်း နှင့် ရေလှောင်ကန် + ပိုက် + ရေစုပ်စက် | တွင်း+ဂါလံ ၅၀၀၀ ဆံ့ရေကန်+PVC ပိုက် ရေစုပ်စက် | ၃၅၉ | □ ကျား □ မ ☑ ကျား + မ | 6000000 | - | - | | 6000000 |
| လွယ်ပတ်ခဲ | စိမ့်စမ်း ရေသွယ် ယူခြင်းနှင့် ရေလှောင်ကန် | ၁.၅ လိုင် ၂" PVC ဂါလံ ၅၀၀၀ ရေလှောင်ကန် | ၃၇၂ | □ ကျား □ မ ☑ ကျား + မ | 7900000 | - | - | | 7900000 |

ကျ-၉၁ မ-၉၃
ကျ-၁၆၀ မ-၁၅၉
ကျ-၁၈၃ မ-၁၈၆
ကျ-၁၉၁ မ-၁၈၁

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | | |
| နောင်စကာ | ဆရာမ/ဆရာ နား:နေအဆောင် (အုတ်ညှပ်) | ၃၀'x ၁၅'(ဝရံတာ၆')x၁၂' | 507 | ☑ကျား ☐မ ☐ကျား+မ | 6500000 | – | – | | 6500000 | က-၂၈၁ မ-၂၂၆ |
| နောင်သိမ် | စာသင်ကျောင်း ပြုပြင်ခြင်း (အုတ်ညှပ်) | ၆၀'x၂၄'(ဝရံတာ၆')x၁၂' | ၄၈၁ | ☐ကျား ☐မ ☑ကျား+မ | 7000000 | – | – | | 7000000 | က-၂၄၅ မ-၂၃၆ |
| ဟိုခဲ | စာသင်ကျောင်း ရေလှောင်ကန် | (၁၈'x၈'x5') + (၁၂'x14'x6') | ၂၅၂ | ☐ကျား ☐မ ☑ကျား+မ | 6000000 | – | – | | 6000000 | က-၁၂၄ မ-၁၂၈ |
| ကောင်တို | ရေလှောင်ကန် တည်ဆောက်ခြင်း | 18'x16'x6' (GAL 10000) | ၅၀၀ | ☐ကျား ☐မ ☑ကျား+မ | 5000000 | – | – | | 5000000 | က-၂၅၅ မ-၂၄၅ |
| ဝမ်ပုံ | အဝီစိတွင်း+ရေ စုပ်စက်+ရေကန် ဂါလံ၃၀၀၀+ပိုက် | | ၁၁၄ | ☐ကျား ☐မ ☑ကျား+မ | 6000000 | – | – | | 6000000 | က-၅၄ မ-၆၀ |
| ဝိုင်းကောင် | အဝီစိတွင်း+ရေ စုပ်စက်+ရေကန် ဂါလံ၃၀၀၀ | (၁၀'x၈'x၅') + (၄'x၅'x၈') | ၃၅၁ | ☐ကျား ☐မ ☑ကျား+မ | 4200000 | – | – | | 4200000 | က-၁၇၅ မ-၁၇၆ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် လက်မှတ် ရက်စွဲ

ဦး ခံလှ

ဒေါ်နန်းဘိကာဆောင်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
| အမ်ဆိုင် | စာသင်ကျောင်း အိမ်သာကျိုးချုံ ခြင်း (အသုံးတွဲအသုံး) | ၁၃.၅'×၄'-၆"× ၇' | ၁၅၁ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 4800000 | – | – | | 4800000 | က - ၇၉<br>မ - ၇၂ |
| ဘုန်းအောင် | ရေစက်ကွင်း+ရေခွဲ ကန်+ဆင့်ဂျင် ပိုက် | ရေစက်ကွင်း(5'×5'×7'-6")<br>(8'×8'×8')<br>၉"φ PVC ၀၀' | ၈၈ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 4500000 | – | – | | 4500000 | က - ၄၂<br>မ - ၄၆ |
| အောင်ဘို | ရေမြောင်းကာရိုး မိုးရေဖြင်း နှင့်မြင့် ဆင်ရေး ဖော်ခြင်း | 4000'×7'+5' | ၁၈၉ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 6000000 | – | – | | 6000000 | က - ၉၈<br>မ - ၉၁ |
| နှမ်းစေ မြဲ | စာသင်ကျောင်း ပြုပြင်ခြင်း (အုတ်အုတ်) | ၉၀'×၂၈'×၁၂' | ၄၃၃ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 5000000 | – | – | | 5000000 | က - ၂၀၄<br>မ - ၂၂၉ |
| ဆောင်ချို | ရေသွယ်ယူခြင်း ရေကျောင်းကန် | ၂ မိုင် | ၁၆၁ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 7400000 | – | – | | 7400000 | က - ၇၇<br>မ - ၈၆ |
| အောင်ပါရင် | ရေတိုင်ကီကာ ပြုပြင်ခြင်း | ၉'×၁၅၀' | ၃၈၇ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 6000000 | – | – | | 6000000 | က - ၁၈၃<br>မ - ၂၀၄ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးခိုင်မောင် [signature]

ဒေါ်နန်းအိကာအောင် [signature]

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
| မတ်ကောက် | အစဉ်း အရေး ချိုးမှ ကျောက် ခင်း | ၃၇.၅'x၁၈'x၁၂' | ၁၅၁ | ☐ ကျား<br>☑ မ<br>☐ ကျား+ မ | 7000000 | – | – | – | 7000000 | ကျ-၆၇<br>မ-၈၄ |
| မဲဟဲ | ရေကျောင်ကန် + ပိုက်+ရေ လက် | ၁၅'x၁၀'x၅'-၆"<br>၁" PVC ၁၅၀၀' | ၂၅၈ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 6500000 | – | – | – | 6500000 | ကျ-၁၁၀<br>မ-၁၄၈ |
| နောင်ပီ မောလုံ | အဝီစိတွင်းတူး ခြင်း | | ၃၅၆ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 7900000 | – | – | – | 7900000 | ကျ-၁၈၂<br>မ-၁၇၄ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ　　အမည်　　လက်မှတ်　　ရက်စွဲ

ဦး စံလှ

ဒေါ်နန်း သီတာဆောင်

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

### စီမံကိန်းမိတ်ဆက်ခြင်းနှင့် ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအမည် | - | ဝိန်းလုံ |
| ကျေးရွာအုပ်စုအမည် | - | တဘက် |
| အစည်းအဝေးကျင်းပသည့်ရက် | - | ၂၆/၄/၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | ကျား(၆၁)ဦး၊ မ(၅၈)ဦး၊ ပေါင်း(၁၁၉)ဦး |
| အစည်းဝေးကျင်းပသည့်နေရာ | - | ဝိန်းလုံ ဘုန်းကြီးကျောင်း |
| အချိန် | - | နံနက်(၉း၀၀) မှ ညနေ (၃း၃၀)ထိ |

### ဆွေးနွေးသည့်အကြောင်းအရာ

စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် ကျေးရွာဥက္ကဌက ကျေးရွာလူထုနှင့် လူထုဗဟိုပြု စီမံကိန်းမှ ဝန်ထမ်းများကို မိတ်ဆက်အဖွင့်အမှာစကား ပြောကြားခြင်း။ ထို့နောက် ဝန်ထမ်းအဖွဲ့အစည်းအမည်၊ အလှူရှင်အမည်၊ အကောင်အထည်ဖော် ဆောင်ရွက်သည့်ဌာနနှင့် စီမံကိန်းဖွဲ့စည်းပုံများ၊ ကျား/မ ရေးရာကဏ္ဍများအကြောင်း၊ ဝေဖန်အကြံပြုတိုင်ကြားရေးစနစ်များ အကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း၊ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း(PRA/PSA) များ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

မိတ်ဆက်ဆွေးနွေးမှုအပြီးတွင် ကျေးရွာစေတနာ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြား၍ ကျေးရွာလူထု ကိုယ်တိုင်လျှို့ဝှက် မဲပေးစနစ်ဖြင့် စေတနာ့ဝန်ထမ်း (ကျား-၁) (မ-၁) ကို ရွေးချယ်ရန် ဆွေးနွေးခဲ့ပါသည်။

### ဆုံးဖြတ်ချက်များ

ကျေးရွာလူထုမှ စီမံကိန်း၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ရမည့်အချက်များနှင့် လိုက်နာကျင့်သုံးရမည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းကိစ္စနှင့် ပက်သက်၍ တက်ရောက်လာသော ကျေးရွာလူထုမှ အမှန်တကယ် လုပ်ကိုင်နိုင်သူ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားမှုရှိသူ၊ ပြောတတ်ဆိုတတ်ရှိသူများကို ရွေးချယ်ရန် ပြောကြားပြီး စေတနာ့ဝန်ထမ်း (က-၁) (မ-၁)ကို ကျေးရွာလူထုမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် လူမှုဆန်းစစ်ခြင်း (PRA/ PSA) အကြောင်းတွင် ပါဝင်သော ထူးခြားဖြစ်စဉ်များ၊ အမျိုးသမီးဆိုင်ရာ သုံးသပ်ချက်များ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာများကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ

အမည် - စိုင်းတွတ်

ရာထူး - လူထုစည်းရုံးရေးမှူး

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအမည် | - | ဝိန်းလုံကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - | တဘက်ကျေးရွာအုပ်စု |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | - | ၂၇/၄/၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | ကျား(၄၆)ဦး၊ မ (၅၃)ဦး ပေါင်း (၉၉)ဦး |
| အစည်းအဝေးကျင်းပသည့်နေရာ | - | ဝိန်းလုံဘုန်းကြီးကျောင်း |
| အချိန် | - | နံနက်(၉း၀၀)မှ ညနေ (၃း၃၀)ထိ |

### ဆွေးနွေးသည့်အကြောင်းအရာ

ဒုတိယအကြိမ်အစည်းအဝေးတွင် ပထမနေ့မှပြုလုပ်သောလူမှုဆန်းစစ်ခြင်းကို ပြန်လည်တင်ပြပြီး တက်ရောက်လာသော ကျေးရွာလူထုအမျိုးသား/ အမျိုးသမီးများအားသီးခြားခွဲ၍ လူမှုဆန်းစစ်ခြင်း (PRA) အဆင့်များ ဆက်လက်ပြုလုပ် ဆွေးနွေးခဲ့ပါသည်။ ၎င်းနောက် အခက်အခဲများကို ဖော်ထုတ်ခဲ့ကြပြီး အမျိုးသား/ အမျိုးသမီး၏ နောင် (၅)နှစ် မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဖော်ထုတ်ခဲ့ကြသည်။

ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှ လူထုဗဟိုပြုစီမံကိန်း၏ အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကို ချပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများကို အဆင့်သတ်မှတ်၍ ရွေးချယ်ခဲ့ကြသည်။ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကျေးရွာအတွက် စီမံကိန်း အထောက်အကူပြုကော်မတီ လိုအပ်ကြောင်းရှင်းပြခဲ့သည်။

### ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသောလုပ်ငန်းများကို ကျေးရွာလူထုတို့၏ ဆုံးဖြတ်ချက် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုအား ကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများအကြောင်း ပြောကြားပြီး စီထောက်ဥက္ကဌများနှင့် ဆပ်ကော်မတီအသီးသီးကို ရပ်ရွာလူထု အားလုံးကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

မှတ်တမ်းတင်သူ

အမည် - စိုင်းတွတ်

ရာထူး - လူထုစည်းရုံးရေးမှူး

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ | ဦးစားပေးအဆင့် | လုပ်ငန်းအမည် | ဦးစားပေးသူ | ကျေးရွာမှတာဝန်ခံသူ (သို့ )အုပ်စု | ပြင်ပမှမည်သူ ထောက်ပံမလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦးကဏ္ဍ | ၁ | အဝီစိတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း | က | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ခန်းမဆောင် တည်ဆောက်ခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ရွာတွင်း ကျောက်ချောလမ်းခင်းခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | အများသုံးအိမ်သာ တည်ဆောက်ခြင်း | မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၅ | စာသင်ကျောင်း အုတ်တံတိုင်းခတ်ခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၆ | မြေသားရေလှောင်ကန် ဖို့ခြင်း | က+မ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၇ | ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | က | ကျေးရွာလူထု | |
| ကျန်းမာရေးကဏ္ဍ | ၈ | ဆေးပေးခန်း တည်ဆောက်ခြင်း | က | ကျေးရွာ လူထုအားလုံး | ကျန်းမာရေး ဌာနနှင့် ပြင်ပ အဖွဲ့စည်းများ |
| | ၉ | အရံသားဖွား သင်တန်းပေးခြင်း | မ | ကျေးရွာအမျိုးသမီး လူထု | ကျန်းမာရေး ဌာနနှင့် ပြင်ပ အဖွဲ့စည်းများ |
| ပညာရေးကဏ္ဍ | ၁၀ | စာသင်ကျောင်း အိမ်သာဆောက်လုပ်ခြင်း | က+မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၁၁ | မူကြိုကျောင်း တည်ဆောက်ခြင်း | မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | ပညာရေးဌာန |
| | | | | | |

| | | | | | |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကြောင်းလုပ်ငန်း | ၁၂ | စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း | မ | ကျေးရွာအမျိုးသမီး လူထု | ပြင်ပ အဖွဲ့စည်းများ |
| | | | | | |
| | | | | | |
| အခြားလုပ်ငန်းများ | ၁၃ | စိုက်ပျိုးရေး အရင်းအနှီးနှင့် မျိုးစေ့ထုတ်ပေးခြင်း | မ | ကျေးရွာလူထုအားလုံး | စိုက်ပျိုးရေး ဌာနနှင့် အခြားအဖွဲ့စည် းများ |
| | ၁၄ | လယ်မြေအတွက် ဆည်မြောင်းပြုပြင်ခြင်း | က | ကျေးရွာလူထုအားလုံး | ပြင်ပ အဖွဲ့စည်းများ |
| | ၁၅ | ၂၄ နာရီမီးလင်းရေး | က+မ | ကျေးရွာလူထုအားလုံး | ပြင်ပ အဖွဲ့စည်းများ |

**VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ- VDP ရက်စွဲ-

ကျေးရွာ- ၊ ကျေးရွာအုပ်စု- မြို့နယ်- ဆီဆိုင်

(၁) VDP စာရွက်စာတမ်း ပြီးဆုံးမှုကိုစစ်ဆေးပါ။ (Operation Manual အရ)

- ✓ မျက်နှာဖုံး (အဖုံး)
- ✓ မာတိကာ
- ✓ ကျေးရွာအခြေခံအချက်အလက် (Data)
- ✓ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ✓ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း( အခြေခံအဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု…စသည်ဖြင့်-)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှု (ဥစ္စာဓနေ) အဆင့်၊ Venn ပုံ…စသည်ဖြင့်-)
- ကျေးရွာစီမံကိန်းရေးဆွဲရေး အစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
    - ○ အလွန်ကောင်း
    - ○ ကောင်း
    - ○ ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်း နှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ ရလာဒ်အားခွဲခြားပေးထားပါသလား။
    - ○ ရှိ
    - ○ မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်
- PRA နှင့် သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီးရွေးချယ်မှု အရေအတွက်)